ကျန်းမာရေးအတွက်ဆက်သွယ်မှု ကော်လိုရာဒို (Connect for Health Colorado) သည် တဦးချင်းနှင့် ကော်လိုရာဒို အလုပ်ရှင်များ ဝယ်ယူ၊ ရွေးချယ်၊ နှိုင်းယှဉ်နိုင်၍ ကျန်းမားရေးအာမခံ လျှောက်ထားရန် နှင့် ငွေရေးကြေးရေး အကူအညီ လျှော့ချပေးသော လုပ်ငန်းအသစ်တစ်ခုဖြစ်သည်။ ကျန်းမားရေးအာမခံ ဝယ်ယူရန် ဘယ်တော့မှ ငြင်းပါယ်ခြင်း မခံရ တော့ပါ။ ရောဂါဝေဒနာဆိုးရှိသဖြင့် သို့မဟုတ် အသည်း အသန်ဖျားနာသောကြောင့် ငြင်းပါယ်ခြင်းခံရမည်မဟုတ်ပါ။ အောက်တိုဘာ(၁)ရက် ၂၀၁၃ မှစ၍ မတ်(၃၁) ၂၀၁၄ အတွင်း လျှောက်ထားပိုင်ခွင့်ရှိသည်။

## ကျန်းမာရေးအာမခံ ရွေးချယ်မှု

များပြားစွာသော ကျန်းမားရေးအမျိုးမျိုးကိုရွေး ချယ်နိုင်ပြီး အားလုံးသော ကျန်းမာရေးအာမခံ တို့သည် ယှဉ်ပြိုင်နိုင်သောအာမခံမှုကို ပေးဆောင် သည်။ ယုံ ကြည် စွာဖြင့် ကျန်းမာရေးအာမခံမှုကိုဝယ်ယူရရှိနိုင် သည်။ အားလုံး သောကျန်းမာရေး အာမခံတို့သည် အပြည့်စုံဆုံးသော ဝန် ဆောင်မှု နှင့် အနည်းဆုံးသော လစဉ်ကြေး သတ်မှတ်ချက် ထားရှိသည်။ ကြိုတင် စောင့်ရှောက်ကျန်းမာရေး၊ ကျန်းမာ ရေး စောင့်ရှောက် ရေး ဝန်ဆောင်မှု၊ အရေးပေါ် ဝန် ဆောင် မှု၊ စိတ်ပိုင်း ဆိုင်ရာ ဝန်ဆောင်မှုနှင့် ဆေး ဝါးဝန်ဆောင်မှု တို့ပါ ဝင်သည်။

## မည်ကဲ့သို့ ဝယ်ယူရမည်နည်း။

ကျန်းမာရေးအာမခံ ဝယ်ယူရန်နည်းလမ်းများစွာရှိ သည်။ ကျန်းမာရေးအတွက် ဆက်သွယ်မှု ကိုလိုရာဒို (connectforhealthco.com) တွင်လေ့ လာလျှောက် ထား နိုင်သည်။ ကျန်းမာရေးအာမခံ လမ်းညွှန် (Health Coverage Guides)၊ လိုင်စင်ရကျန်းမာရေးအာမခံ ကိုယ်စားလှယ် ( Certified health Insurance Agents) နှင့် တခြားလိုင်စင်ရ ကိုယ်စားလှယ်များ (brokers) ထံမှလည်း အကူအညီရရှိ နိုင်ပါ သည်။ ဖုန်းနဲ့ဆက် သွယ်လိုပါက 1-855-PLANS-4-YOU (855-752-6749) သို့မဟုတ် အွန်လိုင်းမှလည်း ဆက်သွယ် နိုင်သည်။ အကျိုးအမြတ် ပဓာန မထားပဲ အရည် အသွေးကောင်းသော ကျန်းမာရေးအာမခံ ရရှိနိုင် ရေးအတွက် ကူညီပေးသော ဝန်ဆောင်မှုလုပ် ငန်း ဖြစ်သည်။

## ကုန်ကျစရိတ် သက်သာရေး

ကိုလိုရာဒိုပြည်နယ်တွင် နေထိုင်ကြသော လူဦးရေ ၅သိန်းနီး ပါးသည် ကုန်ကျစရိတ်သက်သာသော ကျန်းမာရေးအာမခံ ရရှိနိုင်ရန် အခွင့်အလမ်းရှိ သည်။ ဤအဖွဲ့တခုတည်းမှသာ ဒီဝန်ဆောင်မှု ရရှိနိုင်သည်။ လူတဦးချင်းအတွက် တစ်နှစ်ဝင် ငွေ သတ်မှတ်ချက် $ ၁၅,၈၅၆ နှင့် $၄၅,၉၆၀၊ အိမ်ထောင် သည်အတွက် တစ်နှစ်ဝင်ငွေ $၂၁,၄၀၄ နှင့် $ ၆၂,၀၄၀၊ မိသားစု ၄ဦးအတွက် တစ်နှစ်ဝင်ငွေ $ ၃၂,၄၉၉ နှင့် $၉၄,၂၀၀ အတွင်း ရရှိသူများသည် လစဉ်ကျန်းမာရေး အာမခံကြေးကို လျှော့ချနိုင်မည်ဖြစ်သည်။

ဝင်ငွေပေါ်မူတည်၍ ကျန်းမာရေးအာမခံတွင် အနည်းဆုံး သော co-pays (မိမိဘက်မှပေးရမည့်ပမာဏ) နှင့် သက် သာသော လစဉ်ကြေးတို့ကို ရရှိရန် အခွင့် အရေးရှိသည်။ ၂၀၁၄ မှ စ၍ ကိုလိုရာဒိုပြည်နယ် တွင်နေထိုင်သူအားလုံး သည် ကျန်းမာရေးအာမခံ ရှိရန် မဖြစ်မနေရှိသင့်သော လိုအပ်ချက်ဖြစ်လာ မည်။

Medicaid နှင့် CHP+ ကိုလည်းလျှောက်ထားလို လျှင် ကျန်းမာရေးအတွက်ဆက်သွယ်မှု (connect for health colorado) တွင်လျှောက် ထားနိုင်သည်။ Medicare နှင့် အလုပ်ရှင်မှတဆင့် ကျန်းမာရေးအာမခံ ရရှိသူများ လျှောက် ထားရန်မလိုပါ။

**Colorado Medicaid**

| | | |
|---|---|---|
| **မည်သူတွေ Medicaid ရနိုင်မည်နည်း။** | လာမည့် ဇန်နဝါရီ (၁)ရက်၊ ၂၀၁၄ မှစ၍ လူတဦး ချင်းဝင်ငွေ၏ ၁၃၃% သည် Medicaid ရရှိနိုင်သည်။ (၂၀၁၃ အတွက် လူတစ်ဦးချင်း တစ်နှစ်ဝင်ငွေသတ်မှတ်ချက် $၁၅,၀၀၀၊ မိသားစု ၄ဦး တစ်နှစ်ဝင်ငွေသတ်မှတ်ချက် $၃၀,၀၀၀)။ ကိုလိုရာဒိုတွင် နေထိုင်သူလူဦးရေ ၁၆၀,၀၀၀ သည် Medicaid ရရှိမည်ဟု ခန့်မှန်းချက်ချထားသည်။<br><br>*ဗဟို အစိုးရကဝင်ငွေ ၁၃၈% ရရှိသူများကို Medicaid ပေးရန်ခွင့်ပြုထားသည်။ | ကျန်းမာရေးအတွက် ဆက်သွယ်မှု (Connect for Health Colorado) သည် ဈေးကွက်သို့ အသစ်ဝင်လာသည့် ကျန်းမာရေးအာမခံ လုပ်ငန်း ဖြစ်သည်။ ကိုလိုရာဒိုပြည်နယ် နေထိုင်သူများ ကျန်းမာရေးအာမခံဝယ် ယူနိုင်သော လုပ်ငန်းဖြစ်သည်။ ကျန်းမာရေးအာမခံမရှိသူများနှင့် အလုပ် ရှင်မှတဆင့် ကျန်းမာရေးအာမခံ မရရှိသောသူများ ဝယ်ယူနိုင် သည်။ Medicaid ရရှိသူများ ဝယ်ယူရန်မလိုပါ။ ငွေကြေးကူညီမှုဖြစ် သည့်ဤလုပ်ငန်းအသစ်သည် ကိုလိုရာဒိုပြည်နယ်တွင် နေထိုင်သူများ ကို ဝင်ငွေပေါ်မူတည်၍ ကူညီပေးသွားမည်ဖြစ်သည်။ လူတစ်ဦးချင်း အတွက် တစ်နှစ်ဝင်ငွေ သတ်မှတ်ချက် $၁၅,၈၅၆ မှ $၄၅,၉၆၀၊ အိမ် ထောင်သည်အတွက် တစ်နှစ်ဝင်ငွေ သတ်မှတ်ချက် $ ၂၄,၄၀၄ မှ $၆၂,၀၄၀၊ မိသားစု ၄ဦးအတွက် တစ်နှစ်ဝင်ငွေ သတ်မှတ်ချက် $၃၂,၄၉၉ မှ $၉၄,၂၀၀ ရရှိသူများသည် ကျန်းမာရေးအာမခံဝယ်ယူရန် အနည်းဆုံးသော လစဉ်ကြေးကို လျှော့ထားရရှိနိုင်သည်။ |
| **ဘယ်အချိန်တွင် စတင်ခံစားခွင့်ရရှိမည်နည်း။** | အသစ်လျှောက်ထားသူများသည် ဇန်နဝါရီ(၁)ရက်၊ ၂၀၁၄ တွင် စတင်ခံစားခွင့်ရှိမည်။ | ဒီဇင်ဘာ(၁၅)ရက်၊၂၀၁၃ တွင် လျှောက်ထားသူများသည် ဇန်နဝါရီ(၁) ရက်၊ ၂၀၁၄ တွင် စတင်ခံစားခွင့်ရှိမည်။ |
| **ကိုလိုရာဒိုတွင် နေထိုင်သူများ ဘယ်အချိန် တွင် လျှောက်ထားနိုင်မည်နည်း။** | ကိုလိုရာဒိုပြည်နယ် တွင်နေထိုင်သူများသည် အောက်တို ဘာ(၁)ရက်၊ ၂၀၁၃ တွင်စတင်လျှောက်ထားနိုင်ပြီး၊ ဇန်နဝါရီ (၁)ရက်၊ ၂၀၁၄ တွင်စတင်ခံစားခွင့်ရှိမည်။ | အောက်တိုဘာ (၁)ရက်၊ ၂၀၁၃ မှ မတ် (၃၁)၊ ၂၀၁၄ အတွင်သာ လျှောက်ထားခွင့်ရှိသည်။ |
| **ကိုလိုရာဒိုပြည်နယ်တွင် နေထိုင်သူများ မည်ကဲ့ သို့လေ့လာရရှိနိုင်မည်နည်း။** | လာမည့်လများတွင် ကိုလိုရာဒိုပြည်နယ်တွင် နေထိုင်သူများ သည် ကျန်းမာရေးအာမခံ အချက်အလက်များကို PEAK နှင့် ကျန်းမာရေးအ တွက်ဆက်သွယ်မှု Connect for Health Colorado website တွင် လေ့လာနိုင်သည်။ | ကိုလိုရာဒိုပြည်နယ်တွင်နေထိုင်သူများသည် ကျန်းမာရေး အာမခံနှင့် သက်ဆိုင်သော ငွေရေးကြေးရေးအ ထောက်အပံ့နှင့် ကုန်ကျစရိတ် လျှော့ချရေးတို့ကို အောက်ပါ website တွင်လေ့လာနိုင်သည်။ |
| **ပိုမိုသိရှိလိုပါက** | www.colorado.gov/PEAK<br><br>Toll free: 1-800-221-3943 | www.ConnectforHealthCO.com<br><br>Toll free: 1-855-PLANS4YOU (855-752-6749) |